# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

June 5, 2024 | Volume 79, Number 3


၅.၆.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၃၇ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၃.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၈.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၈၂.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၆.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၇၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၉၇၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၉၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၇.၀၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၂၃၆ ကျပ် |

Source: CBM Rate, etrademyanmar.com

## အုန်းစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျင်းပခြင်း




အက်ခ်မက်-ကိုရီးယား (ACMECS–ROK) ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဧရာဝတီတိုင်းဒေသကြီးတွင် အလားအလာရှိသော ထုတ်ကုန် (အုန်းသီး) တန်ဖိုးကွင်းဆက်တစ်လျှောက် အဆင့်မြှင့်တင်ထုတ်လုပ်ခြင်း စီမံကိန်းအစီအစဉ်ဖြင့် "အုန်းစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးသင်တန်း" ကို ထိုင်းနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များဖြင့် ရန်ကုန်မြို့၊ Pan Pacific Hotel တွင် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် ကျင်းပခဲ့သည်။

သင်တန်းတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာထိန်လင်းနှင့် ထိုင်းနိုင်ငံ Prachuap Khirikhan ကုန်သည်စက်မှုအသင်းမှ ဒုတိယဥက္ကဋ္ဌဖြစ်သူ Mr. Amnaj Maneedang တို့က အဖွင့်အမှာစကားအသီးသီး ပြောကြားခဲ့သည်။ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ထိုင်းနိုင်ငံမှကျွမ်းကျင်ပညာရှင်များ၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် မြန်မာနိုင်ငံ အုန်းစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့မှ ကိုယ်စားလှယ်များ၊ စီမံကိန်းဆိုင်ရာတာဝန်ရှိသူများ စုစုပေါင်း ၄၅ ဦး တက်ရောက်ခဲ့ကြသည်။


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

ဆက်လက်၍ ထိုင်းနိုင်ငံ Prachuap Khirikhan ကုန်သည်စက်မှုအသင်းမှ ကျွမ်းကျင်ပညာရှင်များက ထိုင်းနိုင်ငံ၏ အုန်းစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းစနစ်များ၊ အုန်းပင်များတွင် ကျရောက်တတ်သည့် ပိုးမွှားများအကြောင်းနှင့် ကာကွယ်ရန် နည်းလမ်းများ၊ ထိုင်းနိုင်ငံတွင် အုန်းအခြေခံတန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်နေမှုနှင့် ပြည်ပသို့ ဈေးကွက်တိုးချဲ့တင်ပို့နိုင်မည့် လမ်းကြောင်းများစသည်တို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသည့် သင်တန်းသားများက သိရှိလိုသည်များကို မေးမြန်း၍ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

၂၀၂၄ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် ထိုင်းနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များပါဝင်သော လေ့လာရေးအဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ ယင်းကာဒစ်ကျေးရွာရှိ အုန်းချို့မွေးစိုက်ပျိုးသည့် ခြံများသို့လည်းကောင်း၊ ဇွန်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့ရှိ မြရောကုမ္ပဏီ၏ အုန်းထွက်ကုန်ပစ္စည်း ထုတ်လုပ်သည့် စက်ရုံသို့လည်းကောင်း သွားရောက်လေ့လာကြမည် ဖြစ်သည်။

**Source:** https://myantrade.gov.mm/article/Nay%20Pyi%20Taw%20STP_5.6.2024%203:0AM

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန တရုတ်ဘာသာစကား ကျွမ်းကျင်မှုသင်တန်း(Training in Chinese Language Proficiency) (ပထမအဆင့်) သင်တန်းဖွင့်လှစ်



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က Yunnan Commercial Representative Office ၏ ကူညီပံ့ပိုးမှုဖြင့် ကြီးမှူးဖွင့်လှစ်သည့် တရုတ်ဘာသာစကား ကျွမ်းကျင်မှုသင်တန်း (Training in Chinese Language Proficiency) (ပထမအဆင့်) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ၂၀၂၄ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့၊ နံနက် ၁၀:၀၀ နာရီအချိန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၃)၊ နေပြည်တော်ရှိ မြန်မာကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့ ညီလာခံခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှကိုယ်စားလှယ်များ၊ Huaqiao University မှ ဒုတိယကျောင်းအုပ် Mr. Lin Hong Yu၊ Yunnan Commercial Representative Office မှ ညွှန်ကြားရေးမှူး Mr. Gao Wei နှင့်တကွ နည်းပြဆရာများ၊ တရုတ်-မြန်မာစီးပွားရေးနှင့်ယဉ်ကျေးမှုဖလှယ်ရေးစင်တာမှ တာဝန်ခံ Mr. Zhong Suai နှင့် သင်တန်းသား/သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းကို မြန်မာ့ထွက်ကုန်ပစ္စည်းများ နိုင်ငံတကာဈေးကွက်သို့ တိုးတက်တင်ပို့နိုင်ရန်နဲ့ ဈေးကွက် ချဲ့ထွင်နိုင်ရေးဆောင်ရွက်ရာမှာ ဝန်ထမ်းများအနေနဲ့ ဘာသာစကားကို ကောင်းစွာသိရှိနားလည်ပြောဆိုနိုင်ရန် လိုအပ်သည့်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အရာထမ်းများနှင့်အရာထမ်းငယ်များအား တရုတ်ဘာသာစကား ကျွမ်းကျင်တတ်မြောက်စေရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရှိသည်။

သင်တန်းသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သင်တန်းသား (၃၂) ဦး တက်ရောက်မည်ဖြစ်ပြီး သင်တန်းသူ/သင်တန်းသားများကို တရုတ်ဘာသာကျွမ်းကျင်မှု အရည်အချင်းစစ်စာမေးပွဲ HSK Level အလိုက်ဖြေဆိုရန် ကူညီပံ့ပိုးမည်ဖြစ်ကြောင်းနှင့် တရုတ်အစိုးရပညာသင်ဆုများရရှိသည်အထိ စဉ်ဆက်မပြတ် ကူညီပံ့ပိုး ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**Source: ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ**
**မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့**
https://myantrade.gov.mm/article/

## ပြည်ပသို့ဆန်တန်ချိန် ၁၃၅,၉၂၀ တင်ပို့ရန် ဆိပ်ကမ်းရှစ်ခုတွင် သင်္ဘောများဆိုက်ကပ်ထား

ပြည်ပသို့ ဆန်/ဆန်ကွဲတန်ချိန် ၁၃၅,၉၂၀ တင်ပို့ရန် ဆိပ်ကမ်းရှစ်ခုတွင် သင်္ဘောများဆိုက်ကပ်ထားကြောင်းသိရသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ ပို့ကုန်လျာထားချက် ပြည့်မီကျော်လွန်စေရေးအတွက် အဓိကပို့ကုန်များဖြစ်သည့် ဆန်/ဆန်ကွဲ၊ ပဲ၊ ပြောင်း၊ ရော်ဘာ၊ ရေထွက်ပစ္စည်းများကို တင်ပို့သည့်ကုမ္ပဏီအလိုက် ဆောင်ရွက်နိုင်သည့်အခြေအနေအပေါ် သက်ဆိုင်ရာအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ လအလိုက်လျာထားသတ်မှတ်ပြီး လျာထားသတ်မှတ်ချက်အတိုင်းတင်ပို့နိုင်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းအစရှိသည့် အသင်းအဖွဲ့များနှင့်ညှိနှိုင်း၍ ပို့ကုန်တင်ပို့ရာတွင် တွေ့ကြုံရသည့်အခက်အခဲများကိုလည်း ကူညီဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုအခါ ပြည်ပပို့ကုန်ပစ္စည်းများအနက်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆန်/ ဆန်ကွဲ တန်ချိန် ၂ ဒသမ ၅ သန်းတင်ပို့ရန် လျာထားမှုအပေါ် ၂၀၂၄ ခုနှစ် ဇွန် ၄ ရက် စာရင်းများအရ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းရှစ်ခုတွင် ဆန်တင်ပို့နိုင်ရန် ဆန်သင်္ဘောရှစ်စင်း ဆိုက်ကပ်လျက်ရှိပြီး အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (Alone International Port Terminal) မှ ဆန်တန်ချိန် ၁၂,၅၀၀၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (Yangon Intrernational Gateway Terminal) မှ ဆန်တန်ချိန် တန် ၁၂,၅၀၀၊ ယခင် ဗိုလ်အောင်ကျော်ဆိပ်ကမ်း (The Myanmar Terminal) မှ ဆန်တန်ချိန် တန် ၁၀၀၀၀၊ WILMAR ဆိပ်ကမ်း (Wilmar Intrernational Port Terminal) မှ ဆန်တန်ချိန် ၉၈၀၀ တန်နှင့် ဆူးလေဆိပ်ကမ်း (Sule Pagoda Wharves) မှ ဆန်တန်ချိန် တန် ၉၁,၁၂၀ စုစုပေါင်းတန် ၁၃၅,၉၂၀ တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများသို့ ဆန်တန်ချိန် တန် ၇၄,၀၀၀ တင်ပို့ရန်အတွက် သင်္ဘောလေးစင်း ထပ်မံရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=161186

## ပြည်မြို့တွင် ကြက်သွန်နီအဝင်နည်း၍ ဈေးမြင့်



ယခုမေလကုန်တွင် ပြည်ဈေးကွက်သို့ ကြက်သွန်နီဝင်ရောက်မှု နည်းပါးလျက်ရှိပြီး (၃)ရက်ခြားတစ်ကြိမ်သာအဝင်ရှိကာ ပိဿာချိန် (၈၀၀၀)ခန့် အောင်လံ၊ မကွေးတို့ဘက်မှ အဝင်ရှိနေသည်။ အဝင်နည်းသည့်အတွက် ယခင်အပတ်ထက် ဈေးအနည်းငယ်မြင့်တက်သွားပြီး အရောင်းအဝယ်မှာ ပုံမှန်အိတ်ဆွဲ ဝယ်လက်သမားများနှင့်သာ ရောင်းဝယ်မှုရှိနေသည်။ ယခုမေလကုန်တွင် ပြည်ဈေးကွက်၌ REMAL မုန်တိုင်းကြောင့် မိုးနှင့်အတူအရောင်းအဝယ်အေးလျက်ရှိနေသည်။

ဈေးနှုန်းအနေဖြင့် ပွဲရုံလက်ကားဈေး (ကြီး/လတ်/သေး) တစ်ပိဿာလျှင် ကျပ် (၂၂၀၀-၂၃၀၀-၂၄၀၀-၂၅၀၀)ဈေးနှုန်းတို့ရှိပြီး မြို့ပေါ်လက်လီဈေးများတွင် (၂၇၀၀-၂၈၀၀-၂၉၀၀-၃၀၀၀)ကျပ် ဈေးနှုန်းတို့ရှိသည့်အတွက် ယခင်အပတ်ထက် ပျမ်းမျှအားဖြင့် ကျပ် (၃၀၀)ခန့် ဈေးနှုန်းမြင့်တက်သွားကြောင်း သိရှိရသည်။

**Source: DOCA(ပဲခူး)**

https://www.doca.gov.mm/my/node/20828

## ဩစတြေးလျ အမဲသားတင်ပို့ရောင်းချသော စက်ရုံကြီး ၅ ခုကို တားမြစ်ချက်ရုပ်သိမ်းလိုက်သည့် တရုတ်




တရုတ်နိုင်ငံသည် ဩစတြေးလျအမဲသား ထုတ်လုပ်သည့် စက်ရုံကြီး ၅ ခုမှ တင်သွင်းမှုတားမြစ်ချက်ကို ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်းနှင့် ထိုလုပ်ဆောင်ချက်သည် နှစ်နိုင်ငံအကြား ဆက်ဆံရေးပိုမိုကောင်းမွန်လာမည့်လက္ခဏာဖြစ်ကြောင်း မေလ(၃၀)ရက်နေ့ ကြာသပတေးနေ့တွင် ဩစတြေးလျအစိုးရက ပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံ၏မြို့တော် ကင်ဘာရာတွင် Covid-19 ၏ ဇစ်မြစ်ကို စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် တောင်းဆိုခဲ့ပြီးသည့်နောက် တရုတ်သည် ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ဤကဲ့သို့သော တားမြစ်ပိတ်ပင်မှုများပြုလုပ်ခဲ့ပြီး ဩစတြေးလျနိုင်ငံမှ ကျောက်မီးသွေး၊ သစ်နှင့်ဝိုင်အပါအဝင် အခြားကုန်ပစ္စည်းများ တင်သွင်းမှုကိုလည်း တားမြစ်ခဲ့သည်။

တရုတ်သည် ဩစတြေးလျ၏ ဒုတိယအကြီးဆုံး အမဲသားတင်ပို့သည့်ဈေးကွက်ဖြစ်ပြီး ယမန်နှစ်က ကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ တန်ဖိုးရှိ အမဲသားတန်ချိန် ၂၄၀,၀၀၀ ကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဩစတြေးလျကုန်သွယ်မှု ဒေတာ ဖော်ပြချက်အရသိရသည်။

လွန်ခဲ့သည့် ၂ နှစ်ခန့်က ကင်ဘာရာတွင် အစိုးရပြောင်းပြီးနောက် ဩစတြေးလျနိုင်ငံ၏ ကုန်ပစ္စည်းများတင်ပို့မှုအပေါ်ချမှတ်ထားသည့် အတားအဆီးအများစုကို ပေကျင်းကရုပ်သိမ်းခဲ့သည်။ သို့သော် ဩစတြေးလျမှ ပုစွန်သားပေါက်များ တင်သွင်းခွင့်ကို ဆက်လက်ပိတ်ပင်ထားဆဲဖြစ်သည်။

"ဩစတြေးလျရဲ့ ပုစွန်လုပ်ငန်းအပါအဝင် ကျန်ရှိနေတဲ့ ကုန်သွယ်မှုဆိုင်ရာ အတားအဆီးတွေကိုဖယ်ရှားဖို့ တရုတ်ကို ဆက်လက်ဖိအားပေးနေပါတယ်" ဟု ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး Penny Wong၊ ကုန်သွယ်ရေးဝန်ကြီး Don Farrell နှင့် စိုက်ပျိုးရေးဝန်ကြီး Murray Watt တို့က ပူးတွဲထုတ်ပြန်ချက်တွင် ပြောကြားခဲ့သည်။

တရုတ်၏ ကုန်သွယ်မှုအဟန့်အတားမြင့်မားမှုသည် ဩစတြေးလျပို့ကုန်များကို ဩစတြေးလျဒေါ်လာ ၂၀ ဒသမ ၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၆ ဘီလီယံ) ထိခိုက်စေခဲ့သည်ဟု ၎င်းတို့ကဆိုသည်။

ဩစတြေးလျ အမဲသားတင်ပို့မှုအား ရပ်ဆိုင်းထားရခြင်းအတွက် တရုတ်နိုင်ငံမှပေးခဲ့သော အကြောင်းပြချက်များမှာ တံဆိပ်ကပ်ခြင်းကိစ္စ၊ ညစ်ညမ်းခြင်းကိစ္စနှင့် အလုပ်သမားများကြားတွင် Covid-19 ဖြစ်ပွားမှုကိစ္စများပင်ဖြစ်သည်။

**Source: Reuters**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/my/node/20799

## ငါးလအတွင်း ဗီယက်နမ်၏ ကုန်သွယ်ရေးပိုငွေ အမေရိကန်ဒေါ်လာ ၈ ဘီလီယံရှိ

၂၀၂၄ခုနှစ် ဇန်နဝါရီလမှ မေလအတွင်း ဗီယက်နမ်နိုင်ငံသည် ပြည်ပသို့ အမေရိကန်ဒေါ်လာ ၁၅၆ဒသမ ၇၇ ဘီလီယံပမာဏ တင်ပို့ခဲ့ပြီး ပြည်တွင်းသို့ အမေရိကန်ဒေါ်လာ ၁၄၈ ဒသမ ၇၆ ဘီလီယံ ပမာဏတင်သွင်းခဲ့ကာ ကုန်သွယ်ရေးပိုငွေမှာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၀၁ ဘီလီယံရရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ အထွေထွေစာရင်းအင်းရုံးက ၂၉-၅-၂၀၂၄ ရက် နေ့တွင် ပြောကြားခဲ့သည်။ ရာခိုင်နှုန်းအားဖြင့် တင်ပို့မှုပမာဏ ၁၅ ဒသမ ၂ ရာခိုင်နှုန်းနှင့် တင်သွင်းမှုပမာဏ ၁၈ ဒသမ ၂ ရာခိုင်နှုန်းသည် လွန်ခဲ့သည့်နှစ် ပထမ(၅)လတာထက် မြင့်တက်ခဲ့ကြောင်းသိရပါသည်။ တင်ပို့မှုပမာဏအနက် အမေရိကန်ဒေါ်လာ ၄၃ ဒသမ ၆၉ ဘီလီယံပမာဏမှာ ပြည်တွင်းအခန်းကဏ္ဍမှရရှိခဲ့ခြင်းဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁၁၃ ဒသမ ၀၈ ဘီလီယံ ပမာဏသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှ ရရှိခဲ့ခြင်းဖြစ်ကာ ရာခိုင်နှုန်းအားဖြင့် လွန်ခဲ့သည့်နှစ်၏ တူညီသည့်ကာလထက် ၂၀ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၁၃ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်းသိရပါသည်။ ကုန်ထုတ်လုပ်မှုကဏ္ဍမှာ အမေရိကန်ဒေါ်လာ ၁၃၇

ဒသမ ၃၉ ဘီလီယံပမာဏဖြင့် တင်ပို့မှုစုစုပေါင်း၏ ၈၇ ဒသမ ၇ ရာခိုင်နှုန်းရှိပြီး လောင်စာနှင့်သတ္တုတူးဖော်မှုမှ ၁ ဒသမ ၃ရာခိုင်နှုန်း၊ လယ်ယာသစ်တောကဏ္ဍမှ ၈ ဒသမ ၈ ရာခိုင်နှုန်း၊ ငါးလုပ်ငန်းမှ ၂ ဒသမ ၂ရာခိုင်နှုန်းရရှိခဲ့သည်။

ပြည်တွင်းကဏ္ဍမှ အမေရိကန်ဒေါ်လာ ၅၄ ဒသမ ၉၅ ဘီလီယံတင်သွင်းခဲ့ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍမှ အမေရိကန်ဒေါ်လာ ၉၃ ဒသမ ၈၁ ဘီလီယံပမာဏ တင်သွင်းခဲ့ကြောင်းသိရသည်။ မတည်ကုန်ပစ္စည်း(Capital goods) တင်သွင်းမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၃၉ ဒသမ ၈၉ ဘီလီယံရှိခဲ့ကြောင်းသိရသည်။ အမေရိကန်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၄၄ ဘီလီယံဖြင့် အကြီးမားဆုံးတင်ပို့သည့် ဈေးကွက်ဖြစ်ပြီး တရုတ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၅၄ ဒသမ ၉ ဘီလီယံဖြင့် အဓိကတင်သွင်းသည့်နိုင်ငံဖြစ်ကြောင်းသိရသည်။

ကုန်သွယ်ရေးပိုငွေအနေဖြင့် အမေရိကန်ကို အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၁ ဘီလီယံ၊ ဥရောပသမဂ္ဂကို အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၃ ဘီလီယံနှင့် ဂျပန်ကို အမေရိကန်ဒေါ်လာ ၂၉၀ သန်းရရှိခဲ့ကြောင်းသိရသည်။ သို့သော် တရုတ်ထံမှ အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၃ ဘီလီယံ၊ တောင်ကိုရီးယားထံမှ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၁ ဘီလီယံ၊ အာဆီယံထံမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံ ကုန်သွယ်ရေးလိုငွေပြခဲ့ကြောင်း သိရသည်။

**Source: Vietnam Plus**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/my/node/20795

## ထိုင်းနိုင်ငံမှာ ငရုတ်ရာသီကုန်တော့မည်ဖြစ်၍ ဈေးကွက်ကောင်းလာနိုင်ကြောင်း တချို့ကုန်သည်များ သုံးသပ်ကြ




ပြန်လည်ဈေးမြင့်တက်လာသည့် ငရုတ်ဈေးကွက်တွင် ဆင်ဖြူကျွန်းနှင့် မြစ်ဝငရုတ်များ အနည်းငယ်ပြန်ကျဆင်းသွားကြောင်း ဈေးကွက်မှသိရသည်။ သယ်ယူပို့ဆောင်ရေး အခက်အခဲများအပြင် တခြားပြည်ပတင်ပို့ရန် အခက်အခဲများကြောင့် ငရုတ်ဈေးမှာ စတင်ပေါ်သည့်အချိန်မှစ၍ ဆက်တိုက်ဆိုသလို ဈေးကျဆင်းခဲ့ပြီး မိုးတွင်းကာလအစမှစ၍ ပြည်ပဝယ်ယူမှုရှိလာသောကြောင့် ဈေးနှုန်းများ ပြန်လည်မြင့်တက်လာခြင်းဖြစ်သည်။

"အရင်နှစ်တွေတော့ မိုးတွင်းကာလ စိုက်ခင်းတချို့ ပျက်စီးမှုတွေရှိနိုင်တာကြောင့် ပစ္စည်းအဝင်နည်းပြီး နှစ်တိုင်းမိုးတွင်းဆို ဈေးတက်လေ့ရှိပါတယ်။ ဈေးတက်ပေမဲ့ တောင်သူတွေအတွက်ဈေးမရဘူး" ဟု ဧရာဝတီတိုင်းဒေသကြီးမှ ငရုတ်စိုက်တောင်သူတစ်ဦးက ပြောသည်။

လက်ရှိ မြားနီငရုတ်နှင့် ပန်းတနော် (ရှည်) ငရုတ်ဈေးမှာ အရင်ရက်များထက် ဈေးမြင့်တက်လာသော်လည်း ဆင်ဖြူကျွန်းနှင့် မြစ်ဝငရုတ်များ တစ်ပိဿာလျှင် ကျပ် ၁၀၀၀ ဝန်းကျင်ခန့် အနည်းငယ်ပြန်ကျဆင်းသွားကြောင်း သိရသည်။

ပြီးခဲ့သည့် တစ်ပတ်ခန့်က ပန်းရဲ တစ်ပိဿာ ၅၅၀၀ မှ ၅၈၀၀ ကျပ် ၊ မြားနီငရုတ် တစ်ပိဿာလျှင် ၄၈၀၀ မှ ၅၅၀၀ ကျပ်၊ ပန်းတနော် (ရှည်) တစ်ပိဿာလျှင် ၄၅၀၀ မှ ၅၀၀၀ ထိရှိခဲ့ပြီး ဆင်ဖြူကျွန်း (ပု) နှင့် မြစ်ဝ တစ်ပိဿာလျှင် ၁၁,၅၀၀ မှ ၁၂,၅၀၀ ကျပ် ထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

လက်ရှိ ဇွန်လ ၄ ရက်တွင် ပန်းရဲ ငရုတ် တစ်ပိဿာမှာ ၅၈၀၀ မှ ၆၀၀၀ ကျပ် ၊ မြားနီ တစ်ပိဿာလျှင် ၅၂၀၀ မှ ၅၅၀၀ ကျပ်၊ ပန်းတနော် (ရှည်) တစ်ပိဿာလျှင် ၄၈၀၀ မှ ၅၀၀၀ ထိ မြင့်တက်လာပြီး ဆင်ဖြူကျွန်း (ပု)နှင့် မြစ်ဝ တစ်ပိဿာလျှင် ၁၀,၅၀၀ မှ ၁၂,၀၀၀ ကျပ် ထိ ပြန်ကျလာခဲ့ကြောင်း သိရသည်။

မေလ တစ်ရက်နေ့က ဘုရင့်နောင်ဈေးကွက်တွင် မြားနီ ငရုတ်မှာ ၃၅၀၀ မှ ၄၀၀၀ ကျပ်၊ ပန်းတနော် ရှည် ၃၈၀၀ မှ ၄၀၀၀ ဆင်ဖြူကျွန်း (ပု) ၉၅၀၀မှ ၁၀,၅၀၀ ကျပ် အထိသာဈေးရှိခဲ့သည်။ " တောင်သူကတော့ တောင်သူဈေးပဲရတယ်။ တောင်သူဆီကဝယ်ပြီး တောင်သူလက်ထဲမရှိတော့ရင် ဈေးတက်တာ နှစ်တိုင်းကိုဖြစ်နေပါပြီ"ဟု မကွေးတိုင်းဒေသကြီးမှ ငရုတ်စိုက် တောင်သူတစ်ဦးကပြောသည်။

ငရုတ်ဈေး ပြန်လှုပ်ခတ်လာသည်ဆိုသော်လည်း ငရုတ်စိုက်တောင်သူများ ဈေးမရရှိသေး၍ တချို့ဒေသများတွင် အရှုံးဖြင့်ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

ငရုတ်သီးဈေးကွက်မှာ ထိုင်းနိုင်ငံတစ်ခုသာ အဝယ်အနည်းငယ်ရှိပြီး ထိုင်းနိုင်ငံမှလည်း ငရုတ်ရာသီကုန်တော့မည်ဖြစ်၍ ဈေးကွက်ကောင်းလာနိုင်ကြောင်း တချို့ကုန်သည်များလည်း သုံးသပ်ကြသည်။

**Source: AMIA**

[https://t.me/htwettoe](https://t.me/htwettoe)

## ဝယ်လိုအားမြင့်လာသောကြောင့် ပထမငါးလအတွင်း ဗီယက်နမ်နိုင်ငံ၏ ပင်လယ်စာတင်ပို့မှုဈေးနှုန်းများ မြင့်တက်လာ

ဗီယက်နမ်နိုင်ငံ၏ မေလအတွင်း ပင်လယ်စာတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၈၇၀ သန်းအထိရောက်ရှိရန် မျှော်မှန်းထားပြီး ယခင်နှစ်ထက် ၇ ရာခိုင်နှုန်းကျော် သိသိသာသာ တိုးတက်မှုဖော်ပြလျက်ရှိကြောင်း Viet Nam News အွန်လိုင်းသတင်းဖော်ပြချက်အရ သိရသည်။

ဗီယက်နမ်ပင်လယ်စာ တင်ပို့ရောင်းချသူများနှင့် ထုတ်လုပ်သူများအသင်း (VASEP) မှ ပင်လယ်စာတင်ပို့မှုမှာ ယခုနှစ်ပထမငါးလအတွင်း မြင့်တက်လာခဲ့ပြီး အဓိကဈေးကွက်များတွင် ဝယ်လိုအားနှင့်ဈေးနှုန်းနှစ်မျိုးလုံးတွင် အပြုသဘောဆောင်သည့် အလားအလာများရှိကြောင်း ပြောကြားခဲ့သည်။

မေလအတွင်း ဗီယက်နမ်နိုင်ငံ၏ ပင်လယ်စာတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၈၇၀ သန်း အထိရောက်ရှိရန် မျှော်မှန်းထားကြောင်း၊ တူနာငါးနှင့် ကဏန်းတင်ပို့မှုမှာ သိသာထင်ရှားသော တိုးတက်မှုရှိပြီး ငါးတန်၊ ပြည်ကြီးငါးနှင့်ရေဘဝဲတင်ပို့မှုမှာ အနည်းငယ်တိုးလာကြောင်း ဖော်ပြထားသည်။ သို့ရာတွင် ပုစွန်တင်ပို့မှုသည် ပြီးခဲ့သည့်နှစ်နှင့်နှိုင်းယှဉ်ပါက အနည်းငယ်ကျဆင်းခဲ့ကြောင်း၊ ယေဘုယျအားဖြင့် ယခုနှစ် ပထမငါးလအတွင်း ပင်လယ်စာတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံအထိရှိပြီး တစ်နှစ်ထက်တစ်နှစ် ၆ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

မေလတွင် ဗီယက်နမ်နိုင်ငံ၏ တူနာငါးတင်ပို့မှုသည် ၃၆ ရာခိုင်နှုန်းတိုးလာကာ အမေရိကန်ဒေါ်လာ ၉၅ သန်းကျော်အထိ မြင့်တက်လာခဲ့ပြီး တူနာစည်သွတ်ဘူး ၁၈ ရာခိုင်နှုန်း၊ ထုပ်ပိုးထားသောတူနာငါး ၃ ဒသမ ၅ ဆ၊ အအေးခဲတူနာငါးအသားလွှာ ၂၅ ရာခိုင်နှုန်းနှင့် အအေးခဲတူနာငါး ၇ ဆနီးပါး မြင့်တက်လာခဲ့သည်။

အလားတူကာလတွင် ကဏန်းတင်ပို့မှုမှာ ၉၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ငါးတန်တင်ပို့မှု ၁၀ ရာခိုင်နှုန်း တိုးလာကာ ပြည်ကြီးငါး၊ ရေဘဝဲနှင့် အခြားငါးမျိုးစိတ်များ တင်ပို့မှုမှာ ၃ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း၊ သို့ရာတွင် ပုစွန်တင်ပို့မှုမှာ ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဖော်ပြထားသည်။

ပထမငါးလတာကာလအတွင်း တူနာငါးတင်ပို့မှုမှာ ၂၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ကဏန်းထုတ်ကုန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၀၀ သန်းအထိရှိခဲ့ပြီး အဓိကအားဖြင့် ကဏန်းထုတ်ကုန်တင်ပို့မှုမှာ နှစ်ဆတိုးလာခြင်းကြောင့် ၈၄ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ အကြီးဆုံးဈေးကွက်နှစ်ခုဖြစ်သည့် တရုတ်နှင့်ဂျပန်တို့သည် ဗီယက်နမ်နိုင်ငံ ကဏန်းတင်သွင်းမှုကို တိုးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါကာလအတွင်း ငါးနှင့်ပုစွန်တင်ပို့မှုမှာ ၃ ရာခိုင်နှုန်းနှင့် ၇ ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၇၅၅ သန်းနှင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံနီးပါးအထိ အသီးသီးတိုးတက်ခဲ့သည်။ အမေရိကန်၊ ဂျပန်၊ အီးယူနှင့် တောင်ကိုရီးယားတို့အပါအဝင် အဓိကဈေးကွက်များသည် ပင်လယ်စာဝယ်လိုအားနှင့်သွင်းကုန်ဈေးနှုန်းများ နှစ်ခုစလုံးတွင် တဖြည်းဖြည်း ပြန်လည်ကောင်းမွန်လာမည့်လက္ခဏာများ ပြသလျက်ရှိကြောင်း ဖော်ပြထားသည်။

အဆိုပါဈေးကွက်များသို့ မေလအတွင်း တင်ပို့မှုမှာ ၅ ရာခိုင်နှုန်းမှ ၂၆ ရာခိုင်နှုန်းအထိ အပြုသဘောဆောင်သော တိုးတက်မှုများရှိကြောင်းတွေ့ရှိရပြီး တရုတ်နိုင်ငံသို့တင်ပို့မှုမှာ ပြီးခဲ့သည့်နှစ်ထက် ၈ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ အမေရိကန်နိုင်ငံသည် ဗီယက်နမ်နိုင်ငံမှ ပင်လယ်စာတင်သွင်းမှု အမေရိကန်ဒေါ်လာ ၆၃၅ သန်းတန်ဖိုးရှိပြီး ၁၃ ရာခိုင်နှုန်းတိုးတက်မှုဖြင့် ထိပ်တန်းဈေးကွက်တွင် ဆက်လက်ရပ်တည်လျက်ရှိကြောင်း၊ ဂျပန်၊ တရုတ်၊ တောင်ကိုရီးယားနှင့် အီးယူသို့တင်ပို့မှုမှာ

၃ ရာခိုင်နှုန်းမှ ၄ ရာခိုင်နှုန်းသာ တိုးတက်မှုရှိကြောင်း သိရသည်။

**Source: Viet Nam News**

**(စီးပွားရေးသံမှူး၊ ဗီယက်နမ်)**

https://myantrade.gov.mm/article/Naypyitawstp_050620240100

## STOCK EXCHANGE (5.6.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 5th Jun. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 15,201 (Shares) | 47,202,000 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,200 | +200 | +2.22% | 9,000 | 9,200 | 9,000 | 1,418 | 12,881,600 | 33,109,694 | 304,609 |
| MTSH | 00002 | 3,250 | +100 | +3.17% | 3,200 | 3,300 | 3,200 | 5,965 | 19,162,350 | 38,929,150 | 126,520 |
| MCB | 00003 | 8,200 | +100 | +1.23% | 8,200 | 8,200 | 8,200 | 108 | 885,600 | 10,400,986 | 85,288 |
| FPB | 00004 | 1,700 | +50 | +3.03% | 1,700 | 1,700 | 1,700 | 5,847 | 9,939,900 | 29,664,613 | 50,430 |
| TMH | 00005 | 2,750 | +50 | +1.85% | 2,700 | 2,750 | 2,700 | 20 | 54,850 | 12,823,224 | 35,264 |
| EFR | 00006 | 1,800 | +0 | +0.00% | 1,750 | 1,800 | 1,750 | 869 | 1,554,200 | 19,977,223 | 35,959 |
| AMATA | 00007 | 4,800 | +100 | +2.13% | 4,800 | 4,800 | 4,800 | 50 | 240,000 | 10,497,598 | 50,389 |
| MAEX | 00008 | 2,800 | +250 | +9.80% | 2,550 | 2,800 | 2,550 | 924 | 2,483,500 | 23,804,946 | 66,654 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 5th Jun. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 400.34 | +10.97 | +2.82% | 389.88 | 401.37 | 389.88 | 15,201 | 47,202,000 | 8 | 755,113 |

**Index chart**




### Market Overview

### Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 5th Jun. 2024

| Trading Volume | Trading Value |
|---|---|
| 15,201 (Shares) | 47,202,000 (MMK) |

### Main Board

As of 1:00 pm, 5th Jun. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 15,201 (Shares) | 47,202,000 (MMK) |

| MYANPIX | 400.34 ▲ 10.97 |
|---|---|
| Total Volume (shares) | 15,201 |
| Total Value (MMK) | 47 mil |
| Listed Company | 8 |
| Market Cap. (MMK) | 755,113 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,200 | ▲ 200 |
| MTSH | 00002 | 3,250 | ▲ 100 |
| MCB | 00003 | 8,200 | ▲ 100 |
| FPB | 00004 | 1,700 | ▲ 50 |
| TMH | 00005 | 2,750 | ▲ 50 |
| EFR | 00006 | 1,800 | ▲ 0 |
| AMATA | 00007 | 4,800 | ▲ 100 |
| MAEX | 00008 | 2,800 | ▲ 250 |